စခန်းကြီးကျေးရွာ
ရေအေးကျေးရွာအုပ်စု၊
မိုးကုတ်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
စခန်းကြီးကျေးရွာ၊ မိုးကုတ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး
ဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ

မာတိကာ

မာတိကာ ၂

၁. မိုးကုတ်မြို့နယ်၊ ရေအေးအုပ်စု၊ စခန်းကြီးကျေးရွာ၏သယံဇာတပြဓေမြေပုံ ၃

၂. မိုးကုတ်မြို့နယ်၊ ရေအေးအုပ်စု၊ စခန်းကြီးကျေးရွာ၏ရာသီခွင်ပြ ပြက္ခဒိန် ၄ ၃. မိုးကုတ်မြို့နယ်၊ ရေအေးအုပ်စု၊ စခန်းကြီးကျေးရွာ၏ကျေးရွာတွင်း၊ ရွာပြင်အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ ၅

၄. မိုးကုတ်မြို့နယ်၊ ရေအေးအုပ်စု၊ စခန်းကြီးကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ ၆

၄.က ။ တည်နေရာနှင့်ပထဝီ အနေအထား ၆

၄. ခ ။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ ၆-၇

၄. ဂ ။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ ၆-၇

၄. ဃ။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ ၇-၈

၄. င။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ ၈

၄. စ။ ပညာရေး ၉

၄.ဆ။ ကျန်းမာရေး ၉-၁၀

၄.ဇ ။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၀

၄.ဈ ။ ကျား - မရေးရာ ၁၁

၅။ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၂


နောက်ဆက်တွဲများ

. နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၃

. နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၄-၄၉

. နောက်ဆက်တွဲ ၃ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား ၅၀–၅၁

၁. မိုးကုတ်မြို့နယ်၊ ရေအေးအုပ်စု၊ စခန်းကြီးကျေးရွာ၏သယံဇာတပြမြေပုံ




၂. မိုးကုတ်မြို့နယ်၊ ရေအေးအုပ်စု၊ စခန်းကြီးကျေးရွာ၏ ရာသီခွင်ပြ-ပြကွဒီ



နှ

၃. မိုးကုတ်မြို့နယ်၊ ရေအေးအုပ်စု၊ စခန်းကြီးကျေးရွာ၏ ကျေးရွာတွင်းရွာပြင်အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ



၄. မိုးကုတ်မြို့နယ်ရေအေးအုပ်စု၊စခန်းကြီးကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၄.က ။ တည်နေရာနှင့်ပထဝီအနေအထား

စခန်းကြီးကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့နယ်တွင် ပါဝင် ပြီး မိုးကုတ်-မန္တလေးလမ်းမကြီးပေါ်တွင် တည်ရှိ၍ မိုးကုတ်မြို့ နှင့် (၁၅မိုင်၁ဖာလုံ) ခန့် ကွာဝေးသည်။ မြောက်လတ္တီတွဒ် (၂၂ ၅၃')၊ အရှေ့လောင်ဂျီတွဒ် (၉၆ ၂၁') တွင်တည်ရှိ ပါသည်။ တောင်ပေါ်ဒေသ ဖြစ်ပြီး ဗ မာ၊လူမျိုးများ စုပေါင်း နေထိုင်ကြသည့် ကျေးရွာဖြစ်ပြီး ပင်လယ်ရေ မျက်နှာပြင်အထက် ပေ(၃၅၀၀) ကျော်အထက်တွင်တည်ရှိပြီးပတ်ဝန်းကျင်ကျေးရွာများဖြစ်ကြသော သစ်ဆိမ့်ကုန်းကျေးရွာ ၊ ကပိုင် ကျေးရွာ များသို့ မိုးကုတ်-မန္တလေးလမ်းမကြီးဖြင့် ဆက်သွယ်ထား သည်။ စခန်းကြီး ကျေးရွာသည် ကုန်သွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြားလူမှုစီးပွားရေး အတွက် ဤလမ်းမကြီးကို အဓိက အားထားသော ကျေးရွာဖြစ်သည့်အလျောက် ကျေးလက်ဒေသများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် လမ်းမကြီးကို ပိုမို ကောင်းမွန်တိုးတက်အောင် ဆောင်ရွက်ရန် အထူး လိုအပ် ပါသည်။

၄.ခ ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

စခန်းကြီးကျေးရွာသည်မိုးများပြီး သင့်တင့်သော ရာသီဥတုမျိုး ရရှိသော ဒေသတခုဖြစ်သည်။ တောင်တန်းဒေသဖြစ်ပြီးညီညာကျယ်ပြန့်သောစိုက်ပျိုး မြေများ(၃၁၀.၇၃) ဖြစ်သည်။စိုက်ပျိုးနိုင်သော ဥယျာဉ်ခြံ (၃၁၀.၇၃) ဧက၊ တောင်သူ (၁၅၈) ဦးရှိသည်။ မြေဆီမြေဩဇာအသင့်အတင့် ကောင်းမွန်သည်။ တောင်သူ အများစုသည် နှစ်ရှည်သီးနှံ ခြံလုပ်ငန်း လိမ္မော်၊ပိန္နဲ၊ ရာသီသီးနှံ ၊ ပင်မှည့်သီး၊ ငှက်ပျောသီး၊ သံပုရာသီး စိုက်ပျိုးကြသည်။ စိုက်ပျိုးရေ အနေဖြင့် သဘာဝစိမ့်စမ်းရေကို အသုံးပြု၍ စိုက်ပျိုးကြ သည်။

၄.ခ ။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ

စခန်းကြီးကျေးရွာတွင် လူမှုရေးကို အခြေခံထားသောအဖွဲ့ (၅)ဖွဲ့ရှိသည်။ ဘာသာရေး၊ ၊လူမှုရေးယဉ်ကျေးမှုနှင့်စီးပွားရေးကို အခြေခံ ထားသောဝိုင်းဝန်းလုပ်ဆောင်ကြသည်။ ကျန်းမာရေး ကိုအခြေခံသော အဖွဲ့ မတွေ့ရဘဲ အချို့သော ရွာတွင်း ကာကွယ်ဆေးတိုက်လုပ်ငန်းတွင် ရပ်မိရပ်ဖ ကူညီမှုရှိသည်။ ကျေးရွာ၏ လူမှုရေး အဖွဲ့တွင် ကျေးရွာလူငယ်မောင်မယ် (အပျိုလူပျို) အဖွဲ့တို့ ပါဝင်သည်။ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ တို့သည် အမျိုးသမီးများ ကိုယ်တိုင်ဦးဆောင်သော အမျိုးသမီး အဖွဲ့များဖြစ်ကြသည်။ ကျေးရွာတွင် လူမှုကူညီရေးအဖွဲ့သီးသန့်ဖွဲ့စည်းထားခြင်းရှိသည်၊ ကျေးရွာတွင် စီးပွားရေးကို အခြေခံသော အဖွဲ့ အစည်းငွေစုငွေချေးအသင်းများမရှိ။ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သောမြစိမ်းရောင်

ချေးငွေရှိပါသည်။ စိုက်ပျိုးရေးဘဏ်မှ ထုတ်ချေး ငွေသည် ပုံစံ(၇) မရှိသော တောင်သူများ အဖို့ကန်သ တ်မှုရှိသောကြောင့် ချေးငွေ လုပ်ငန်းများ လိုအပ်သည်။ အကယ်၍ အစိုးရဝန်ကြီးဌာနမှ ဒေသတွင်း ချေးငွေလုပ်ငန်းများကို တရားဝင်မှတ်ပုံ တင်ပေးပြီး အစိုးရအတိုးနှုန်း နှင့်ကွာဟမှုမများသော အတိုးနှုန်းအဖြစ် ထိန်းညှိပေးခြင်းဖြင့် သော်လည်းကောင်း၊ အစိုးရ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးရွာများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ငွေးကြေး ဝန်ဆောင်မှုအသစ်များချပေးခြင်းဖြင့်သော်လည်းကောင်း ပြုလုပ်ပေး မည်ဆိုပါက ကျေးရွာ၏ စီးပွားရေး အလျင်အမြန် ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်ပါသည်။လူငယ်လူရွယ်များနှင့် အမျိုးသမီး အုပ်စုများအား ကျေးရွာ၏အုပ်ချုပ်ရေး နှင့် ဦးဆောင်မှုအပိုင်းတွင် ပါဝင်ဆောင်ရွက် နိုင်စေရန်တာဝန်ခွဲဝေခြင်း၊ ပူးပေါင်းဆောင်ရွက်အားဖြင့် ကျေးရွာပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သည်။

၄.ဃ ။ စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

စိုက်ပျိုးရေးသည်ကျေးရွာ၏ အဓိကလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေ အနေအထားမှာ သာမန် အားဖြင့် လျော့နည်းသည်။ ဓနအဆင့်သတ်မှတ်မှုအရ ချမ်းသာသော အိမ်ထောင်စု ဦးရေသည် အိမ်ထောင်စုအားလုံး၏ (၆.၄၁%) သာရှိပြီး အလယ်အလတ်ရှိသော မိသားစု (၄၃.၅၈%) ရှိ သည်။ ဆင်းရဲ(၃၉.၇၄%) နှင့် အလွန် ဆင်းရဲအဆင့်မိသားစု(၁၀.၂၅%) ရှိသည်။ ချမ်းသာသော မိသားစု များသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအပြင် အရောင်းအဝယ် လုပ်ငန်း အိမ်ဆိုင်(စျေးရောင်း) လုပ်ငန်းများကို တွဲဖက်လုပ်ကိုင်ကြသည်။ စိုက်ပျိုးမြေ ပိုင်ဆိုင်မှုအားဖြင့် အများစုမှာ ဥယျာဉ်ခြံမြေ၏ က(၁၅)ဧကနှင့် အထက်ပိုင်ဆိုင် ကြသည်။

အဆင်ပြေသောမိသားစုများသည် အများ အားဖြင့် စိုက်ပျိုးမြေ (၁၅) ဧကမှ (၂၀)ဧက အကြား ပိုင်ဆိုင်ကြပြီး စိုက်ပျိုးရေးကိုအဓိက လုပ်ကိုင် ကြသည်။ တွဲဖက်လုပ်ငန်းများအဖြစ် အရောင်းအဝယ် လုပ်ငန်း လုပ်ကိုင်ကြသည်။ အဆင်မပြေသောမိသားစုအများမှာ စိုက်ပျိုးရေးလုပ်ငန်းတွင် အငှားဝင် လုပ်ခြင်း (သူရင်းငှား)၊ နေ့စားလိုက်ခြင်းနှင့် ပြင်ပတွင်ထွက်၍လုပ်ကိုင်ခြင်း၊ ကျပန်းလုပ်ခြင်းဖြင့် စားဝတ်နေရေးအတွက် ဖြေရှင်းကြရသည်။ ကျေးရွာတွင် နှစ်ရှည်ခြံစိုက်ပျိုးခြင်းလုပ်ငန်းကို အဓိကထားစိုက်ပျိုးကြသည်။ မျိုး စေ့၊ ပျိုးပင်အနေဖြင့်မိရိုးဖလာ နည်းလမ်းများဖြင့်သာ စိုက်ပျိုးကြ သည်။ စိုက်ပျိုးရေး ဦးစီးဌာနမှ နည်းပညာ ဝန် ဆောင်မှုများ ပံ့ပို့မှုအားနည်းသည်။ စိုက်ပျိုးရေးသွင်း အားစုတွင် မျိုးကောင်းမျိုးသန့် ရရှိနိုင်မှု ၊စိုက်ပျိုးရေးအတွက် နည်းပညာများပို့ချနိုင်လျှင် ပို၍တိုးတက်လာနိုင်မည် ဖြစ်ပါသည်။

ကျေးရွာတွင် ဒေသဆိုင်ရာ မွေးမြူရေးတိရိစ္ဆာန်များကိုသာ တစ်ပိုင် တစ်နိုင် မွေးမြူ ကြကြပါသည်။ ငါးမွေးသည့် အိမ်ထောင်စု မရှိပါ။ မိရိုး ဖလာ အရ စိုက်ပျိုးရေးတမျိုးတည်းကိုသာ အဓိက အားထား သောကြောင့်လည်းကောင်း၊ မွေးမြူရေးဆိုင်ရာ ဗဟုသုတ အားနည်းခြင်းကြောင့် လည်းကောင်း၊ မွေး မြူရေးဝန်ကြီးဌာနမှ မွေးမြူရေးနည်းပညာနှင့် ဝန်ဆောင်မှု လက်လှမ်း မမီသောကြောင့်လည်းကောင်း၊ စီးပွားရေး အရ တွက်ခြေကိုက်ပြီး မွေးမြူရေး လုပ်ငန်းကိုလုပ်ကိုင်မှု အားနည်းသည်။ လက်ရှိအခြေ အ နေတွင် ကျေးရွာတောင်သူအချို့ မျိုးတိရိစ္ဆာန် မွေးမြူရေး လုပ်ငန်းကို စိတ်ဝင်စားမှု ရှိနေကြပြီး မိမိတို့ ၏ပုဂ္ဂလိကပိုင်မြေကွက်များအပေါ်တွင် စီးပွားဖြစ် စမ်းသပ်မွေးမြူလိုသော ဆန္ဒများရှိကြသည်။သို့ဖြစ် ပါ၍မွေးမြူရေးဝန်ကြီးဌာနမှ နည်းပညာ၊ မျိုးစိတ်များနှင့် ငွေကြေး ဆိုင်ရာဝန်ဆောင်မှုများ ပံ့ပိုးပေးခြ င်းဖြင့် ကျေးရွာလူထု၏ အလုပ်အကိုင် ရှားပါးမှုပြဿနာများကို ကူညီဖြေရှင်းပေးနိုင်သည်။

၄.၈ ။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ (လမ်းတံတား၊အခြားအခြေခံအဆောက်အဦများ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး)

စခန်းကြီးကျေးရွာတွင် အခြေခံအဆောက်အဦများဖြစ်သည့် အုပ်ချုပ်ရေးမှူးရုံး၊ စာသင်ကျောင်း၊ မူလ တန်းကျောင်းစသည်တို့ရှိသည်။ ကျေးရွာသည် မန္တလေး-မိုးကုတ်လမ်းမကြီး ပေါ်တွင်တည်ရှိပြီး မြို့နေ ယ်အတွင်း အခြား ကျေးရွာ/ ရပ်ကွက်များသို့ ကား၊ ဆိုင်ကယ်တို့ဖြင့် အလွယ် တကူ ဆက်သွယ် သွား လာနိုင် သည်။ ကျေးရွာတွင်းရှိ လမ်းများမှာ မြေသားလမ်းများဖြစ်ကြပြီး ရွာတွင်းလမ်းအရှည် စုစုပေါ င်း (၁) မိုင် ခန့် ရှည်လျားသည်။ ပွင့်လင်းရာသီတွင် ကား၊ ဆိုင်ကယ်၊ ထော်လာဂျီ များ သွားလာရလွယ် ကူပြီး မိုးအခါ၌ ရွံ့ညွန်များပေါများပြီး သွားလာရခက်ခဲသည်။ အခြား ဒေသ များနှင့် ကုန်သွယ်ရေး အ တွက် ရေကြောင်းလမ်း၊ မီးရထားလမ်း မရှိသောကြောင့် ကား၊ ထော်လာဂျီနှင့် ဆိုင်ကယ်များကိုသာ အ သုံးပြုကြသည်။ ကျေးရွာတွင် ကား(လိုက်ထရပ်၊ အိမ်စီး၊ လေးလုံးထိုးအင်ဂျင်တပ် ကား(၇) စီး၊ ဆိုင်က ယ်(၇၁) စီးကိုအသုံးပြုလျက်ရှိသည်။ ကျေးရွာတွင် ဆိုလာစနစ်အသုံးပြုသည့်အိမ် (၆) အိမ်၊ ဓာတ်အား လိုင်း (၆၈) အိမ်၊ ဧဝလောင်စာ (၁)၊အခြား(၁)အိမ် ရှိပါသည်။ ကျေးရွာသူ/သား များသည် လျှပ်စစ်မီးရရှိ လိုပြီး ကော်မတီများ ဖွဲ့စည်း၍ မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူး ရေး လုပ်ငန်းနှင့် ချိတ်ဆက်ဆောင် ရွက်သွားပါမည်။

၄.စ ။ ပညာရေး

စခန်းကြီးကျေးရွာတွင် မူလတန်းကျောင်းရှိပြီး လက်ရှိကျောင်းစာရင်းအရ တက်ရောက်သော ကျောင်းသား/ကျောင်းသူမှာ မူလတန်း ကျောင်း သား ဦးရေ (၃၁) ယောက်ရှိပြီး အလယ်တန်း (၃၂) ယောက် အား ဆရာမ (၅) ဦးဖြင့် သင်ကြားလျက်ရှိသည်။ အထက်တန်း တက်ရောက်ဆဲ ကျောင်းသား ဦးရေ (၁၇)ဦး ၊ တက္ကသိုလ်တက်ရောက်နေဆဲ(၁၀)ဦးရှိသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ကျေးရွာ၏ ပညာရေးအ ဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ် ငန်းမရှိပါ။ အခြားဝင်ငွေရ လုပ်ငန်းများမှာ မျှစ်စို၊ မျှစ်ချဉ်၊ သွယ်ယူပို့ဆောင်ရေး၊ ဈေးရောင်း၊လက်သ မား/ပန်းရံလုပ်ငန်း(အနည်းငယ်)၊ နေ့စားလုပ်ငန်း တို့ဖြစ်ကြသည်။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားကိုလိုက် လုပ်ကိုင်ကြရသည်။ စိုက်ပျိုးရေးရာသီချိန်တွင် ပုဂ္ဂလိက စိုက်ခင်းများမှလက်လုပ် လက်စားများအား ဈေးပြိုင် ပေးလုပ်သား ခေါ်ယူမှုကြောင့် ခြံစိုက်တောင်သူများအဖို့ လုပ်သား ငှားရမ်း ခကြီးမားခြင်း၊ လုပ်သားရှားပါးခြင်းများ ရှိသော်လည်း လက်လုပ်လက်စားများ အတွက် အဆင်ပြေကြ သည်။ ကျန်အချိန်များတွင် အလုပ်အကိုင်ရှားပါးခြင်း၊ ဝင်ငွေ မမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်း ပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သူ (၁၅၈) ရှိပြီး ကျေးရွာအတွက် အရင်းအမြစ် အသင့်အတင့် ကောင်းသ ည်ဟု ဆိုနိုင်သည်။ မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်း အချို့ကို ဝန်ဆောင်မှု ပေးလျက်ရှိသ ည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ အလှပြင်၊ မုန့်လုပ်နှင့် ချက်ပြုတ်နည်း သင်တန်းစသည့် အိမ်တွင်းမှုသင် တန်းများ၊ ကားမောင်းသင်တန်းများ၊ မော် တော်ဆိုင်ကယ်ပြင်၊ ကားပြင်၊ ဝပ်ရှော့ ကဲ့သို့သော စက်ပြင် သင်တန်းများ၊ ကွန်ပြူတာ သင်တန်း၊ ကွန်ပြူတာနှင့် မိုဘိုင်ဖုန်းပြုပြင်ရေး သင်တန်းများ၊ ဒိုင်နမို၊ မော် တာစသော အီလက်ထရောနစ်ဆိုင်ရာ ပစ္စည်းများပြုပြင်ရေး သင်တန်းများ လက်သမား၊ ပန်းရံစသော ဆောက်လုပ် ရေးသင်တန်းများ ဝန်ဆောင်မှုရှိသော်လည်း အချိန်ပေးနိုင်မှု အားနည်းခြင်း၊ စားဝတ်နေ ရေး အခြေအနေကြောင့် ရွာသားအများစုသည် အဆိုပါသင်တန်းများသို့ တက်ရောက်နိုင်ခြင်း မရှိချေ။ သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများ၌ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များ အလုပ်အကို င် အခွင့်အလမ်း နည်းပါးခြင်း ရှိနေဆဲ ဖြစ်ကြောင်းတွေ့ရသည်။

၄.ဆ ။ ကျန်းမာရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပါ။ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝမှု ရှိကြသည်။ ကလေးငယ် အများစု လည်း ကျန်းမာကြသည်။ မွေး ကင်းစ ကလေးငယ်များ အသေ အပျောက်နည်းပါးသည်။ ကျန်းမာရေး ဝန်ဆောင်မှုအနေဖြင့် မွေးကင်း

စကလေးများ၊ ကိုယ်ဝန် ဆောင် အမျိုးသမီးများအား အခါ အားလျော်စွာ ကာကွယ်ဆေး ထိုးခြင်း၊ ကာကွယ်ဆေးတိုက်ခြင်း တို့ကို ပြုလုပ် ပေးသည်။

ကျေးရွာတွင် ကျန်းမာရေးဝန်ထမ်း သားဖွားဆရာမနှင့်ကျေးရွာဆေးခန်းမရှိပါ။ကျေးရွာအတွင်း အမျိုးသမီးများ၊လူငယ်လူရွယ်များနှင့် သက်ကြီးရွယ်အိုများအတွက်အခြေခံ ကျန်းမာရေး စောင့် ရှောက်မှုကို ကျပ်ပြင်တိုက်နယ်ဆေးရုံတွင်သွားရောက်ကုသခဲ့ပါသည်။ တိုက်နယ်ဆေးရုံနှင့် (၈) မိုင်ခန့်ကွာဝေးပြီး၊ ဆေးဆိုင်များနှင့်လက်လှမ်မီပသည်။ကျေးရွာသားများ သာမာန်အားဖြင့် ကျန်း မာကြသော်လည်း အခြေခံကျန်းမာရေး အသိပညာ ပေးမှုများ၊ ကလေး၊ လူကြီး၊ အမျိုးသမီးမကျန် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုနှင့် ကုသရေး အပိုင်းတွင် နှောင့်နှေးလျက်ရှိ သေးသည်ကို တွေ့ရသည်။

၄.၈ ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

စခန်းကြီးကျေးရွာတွင် စိုက်ခင်းများ၌ ဖျက်ပိုးများကျရောက်တက်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတု မြေဩာ သုံးစွဲမှုများပြားလာသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာ နိုင်သည်။ တောင်သူများ အနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေး များကိုသာ အသုံး ပြုမှု များပြားသည်။ ကျေးရွာတွင် ချောင်းမြောင်းမရှိဘဲ စိမ့်စမ်းရေကိုသာ သုံးစွဲကြပါသည်။ စွန့်ပစ် ပစ္စည်းများ စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ဗူးခွံ၊ ပုလင်းခွံများ စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ မြှင့်တင် ဆောင်ရွက် ပေးသင့်သည်။ ကျေးရွာသည် မြေမျက်နှာသွင်ပြင်အနေအထားအရ ပင်လယ်ရေမျက်နှာပြင် အထက် အမြင့်ပေ () ပေအထက်တွင် တည်ရှိပြီး မြစ်နှင့်ဝေးခြင်း၊ မြို့နယ်အတွင်း အမြင့်ပိုင်း တစ်နေရာတွင် တည်ရှိခြင်းတို့ကြောင့် တောင်တန်းထူထပ်သောဒေသဖြစ်ခြင်း၊ ကုန်တွင်ပိုင်း ဖြစ်ခြင်း တို့ကြောင့် မုန်တိုင်း အန္တရာယ် နည်းပါးသည်။ ထိခိုက်မှုနည်းပါးသည်။

၄.၈၂ ။ ကျား - မရေးရာ

ပညာရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များအရ မူလတန်း၊ အလယ်တန်း၊ အထက် တန်းတွင် မ အမျိုး သမီးဦးရေသည် အမျိုးသားဦးရေထက် အနည်းငယ် လျော့နည်း ပြီး ၊ တက္ကသိုလ် နှင့် ဘွဲ့ရများတွင် အမျိုးသမီးဦးရေကပိုများသည်။ ထိုကြောင့် ပညာသင်ကြားရေးအပိုင်း၌ အမျိုးသမီး များ အမျိုးသားများနဲ့တန်းတူ အခွင့်အရေးရကြသည်။ သို့သော်အချို့အလုပ်အကိုင်များနှင့် နေ့စား လုပ်ငန်း ခွင်တွင် တစ်နေ့တာကုန်ဆုံးခြင်း၊ ခွန်အား စိုက်ထုတ်မှုတူသော်လည်း လုပ်ခလျော့ပေးခြင်း ခံရလျက်ရှိသည်။ ရပ်ရေးရွာရေးကိစ္စများ၌ အမျိုး သမီးများပါဝင်နိုင်မှုအခွင့်အရေးရှိသည်။ ကျေးရွာ လူမှုရေးအဖွဲ့တွင် အမျိုးသမီးများ အမျိုးသား များနဲ့ တန်းတူပါဝင်ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာ အတွင်း အမျိုးသ

မီး များ လူကုန်ကူး ခံရမှု မရှိပေ။ အိမ်ထောင်ရေး အကြမ်းဖက်မှု မရှိကြောင်း တွေ့ရ သည်။ ရပ်မိရပ်ဖများ၊ ကျေးရွာ အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်မှု မရှိပေ။ ကျားမတန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိ ပညာပေးခြင်းများ၊ လူ့အခွင့်ရေးသင်တန်းများ၊ အမျိုးသမီးစွမ်းဆောင်ရည်မြှင့်သင်တန်းများ ဆောင်ရွက် ပေးခြင်းဖြင့် ကျား/မတန်းတူညီမျှမှုနှင့် ကျေးရွာဖွံ့ဖြိုးမှုအတွက် ပိုမိုအထောက်အပံ့ဖြစ် လာနိုင်ပါသည်။

မိုးကုတ်မြို့နယ်-ရေအေးကျေးရွာအုပ်စု- စခန်းကြီးကျေးရွာ-ဖွံ့ဖြိုးရေးကွင်းဆက်

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်း လမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁။	ရွာတွင်းလမ်း မကောင်း	- မြေသားလမ်းဖြစ် ခြင်း - မိုးတွင်းကာလ သွားလာရခက်ခဲခြင်း	- ကျေးရွာမှလုပ်အား ပါဝင်နိုင်ခြင်း	- ငွေကြေး - နည်းပညာ - စက်ယန္တရား	- သက်ဆိုင်ရာဌာနသို့ တင်ပြဆောင် ရွက်ရန်	ရွာတွင်းလမ်းကတ္တရာ ခင်းခြင်းစီမံချက်
၂။	ရေလုံလောက်စွာ ရရှိလိုခြင်း	- အမြင့်ပိုင်းတွင်နေသောသူများနွေရာသီ တွင်ရေခက်ခဲခြင်း	- ရေစုကန်များရှိပြီး ဖြစ်ခြင်း	- ငွေကြေး - နည်းပညာ	- ကျေးလက်ဦးစီး ဌာနသို့တင်ပြခြင်း	အိမ်တိုင်ရာရောက်ရေ ရရှိရေးစီမံချက်
၃။	အရေးပေါ်ကျန်းမာရေးအခက်အခဲရှိ	ဆေးပေးခန်း မရှိခြင်း	မြေနေရာပေးနိုင်ခြင်း	ငွေကြေး/ ခွင့်ပြုမိန့်	သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာန သို့ တင်ပြရန်	ဆေးပေးခန်းဆောက် လုပ်ခြင်းစီမံချက်
၄။	လူမှုရေးအဖွဲ့နေရာ မရှိခြင်း	လူမှုကူညီရေးရုံး ရလိုခြင်း	မြေနေရာပေးနိုင်ခြင်း	ငွေကြေး	အလှူရှင်ရှာဖွေရန်	လူမှုကူညီရေးရုံးဆောက် လုပ်ခြင်းစီမံချက်
၅။	ဖျော်ရည်လုပ်ငန်း လုပ်ကိုင်လိုခြင်း	မိသားစုများဝင်ငွေ တိုးပွားရန်	စိတ်ပါဝင်စားမှုရှိခြင်း၊ လျှပ်စစ်မီးရရှိခြင်း	ငွေကြေး/ နည်းပညာ	ကျွမ်းကျင်သူများ နှင့် သင်တန်းပေး ဖွင့်လှစ်ပို့ချရန်	အသေးစားစက်မှုလုပ် ငန်း(ဖျော်ရည်)စီမံချက်
၆။	စိုက်ပျိုးရေး တိုးတက်လိုခြင်း	သီးနှံအထွက်နှုန်း ပိုမိုကောင်းမွန် လိုခြင်း	ကျေးရွာလူထုမှ စိတ်ပါ ဝင်စားမှုများခြင်း	နည်းပညာ	စိုက်ပျိုးရေးကုမ္ပဏီများ၊ စိုက်ပျိုး ရေးဦးစီးဌာနတို့နှင့် ချိတ်ဆက်ရန်	စိုက်ပျိုးရေးနည်းပညာ သင်တန်းဖွင့်လှစ်ရေး စီမံချက်
၇။	အလုပ်အကိုင် (ဝင်ငွေ)ရရှိလိုခြင်း	မိသားစုတပိုင်တနိုင် လုပ်ငန်းများလုပ်ကိုင် လို	ကျေးရွာလူထုမှ စိတ်ပါ ဝင်စားမှုများခြင်း၊ဒေသ ထွက်	ငွေကြေး/ နည်းပညာ	ကျွမ်းကျင်သူများ နှင့် သင်တန်းပေး ဖွင့်လှ	အသက်မွေးဝမ်းကျောင်း သင်တန်းဖွင့်လှစ်နိုင်ရေး

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်း လမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
		ခြင်း	သီးနှံများရှိခြင်း		စပ်ပို့ချရန်	စီမံချက်
၈။	ကျောင်းသုံးပရိ ဘောဂမပြည့်စုံခြင်း	စာသင်ခုံမလုံလောက်ခြင်း	ကျေးရွာမှ လုပ်အား ပါဝင်နိုင်	ငွေကြေး	အုပ်ချုပ်ရေးအဖွဲ့၊ ပညာရေးဌာနသို့ တင်ပြဆောင်ရွက် ရန်	ကျောင်းသုံးပရိဘောဂ ဖြည့်တင်းရေးစီမံချက်
၉။	အားကစားကွင်း မရှိခြင်း	လူငယ်များကျန်းမာရေး၊	စိတ်ပါဝင်စားမှုရှိခြင်း	မြေနေရာမရှိ ခြင်း	မြေနေရာရရှိရေးဆောင်ရွက်ရန်	အားကစားကွင်းတည်ဆောက်ရေးစီမံချက်
၁၀။	ဗဟုသုတရရှိ လိုခြင်း	လူငယ်များအလုပ် အကိုင်အခွင့်အလမ်း များသိရှိနိုင်စေရန်	စိတ်ပါဝင်စားမှုရှိခြင်း	မြေနေရာပေးနိုင် ငွေကြေး/ခွင့်ပြု မိန့်	အုပ်ချုပ်ရေးအဖွဲ့၊ ပြန်/ဆက်ဦးစီးသို့ တင်ပြရန်	စာကြည့်တိုက်ဆောက်လုပ်ခြင်းစီမံချက်

၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ/ အကြောင်းအရာ	ဦးစားပေး အဆင့်
၁	အိမ်တိုင်ရာရောက်ရေပေးရေးလုပ်ငန်း	၁
၂	ရွာတွင်းလမ်းကတရာခင်းခြင်းလုပ်ငန်း	၂
၃	ကျေးရွာဆေးပေးခန်းဆောက်လုပ်ခြင်း	၃
၄	လူမှုကူညီရေးရုံးဆောက်လုပ်ခြင်း	၄
၅	အသေးစားစက်မှုလုပ်ငန်း(ဖျော်ရည်)	၅
၆	စိုက်ပျိုးရေးနည်းပညာသင်တန်း	၆
၇	အသက်မွေးဝမ်းကျောင်းသင်တန်း	၇
၈	ကျောင်းသုံးပရိဘောဂဖြည့်တင်းခြင်း	၈
၉	အားကစားကွင်းတည်ဆောက်ခြင်း	၉
၁၀	စာကြည့်တိုက်ဆောက်လုပ်ခြင်း	၁၀

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့နယ်
စခန်းကြီးကျေးရွာ-ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးလှဝင်းထွေး	ဦးချစ်ဝင်း	၉/မကန(နိုင်)၁၃၂၂၅၁	၂၁	ဥက္ကဋ္ဌ	၀၉၂၅၉၀၈၅၇၀၇
၂	ဦးကျော်ဝင်းထွေး	ဦးလှဌေး	၅/ခဥတ(နိုင်)၀၆၇၄၉၃	၃၃	အတွင်းရေးမှူး	၀၉-၇၇၁၆၀၁၃၂
၃	ဦးမျိုးဆွေ	ဦးချွန်	၅/မမတ(နိုင်)၀၂၈၉၇၁	၅၁	ဘဏ္ဍာရေးမှူး	၀၉၄၅၉၈၁၁၂၅၁
၄	ဒေါ်အေးချမ်းမေ	ဦးကြည်ရွှင်	လျှောက်ထားဆဲ	၂၂	စာရင်းကိုင်	၀၉၄၂၃၇၆၈၀၉၁
၅	ဦးနေလင်းထိုက်	ဦးသောင်းလွင်	၉/မကန(နိုင်)၀၇၅၈၈၃	၃၈	သော့ကိုင် - ၁	၀၉၈၉၈၄၈၉၆၃၁
၆	ဒေါ်ဇာဇာဝင်း	ဦးစိန်မင်း	၉/မကန(နိုင်)၁၀၁၇၄၅	၃၅	သော့ကိုင် - ၂	၀၉-၂၅၉၄၃၀၀၇၆
၇	ဒေါ်မော်မော်ထွန်း	ဦးမင်းစိန်	လျှောက်ထားဆဲ	၁၉	အဖွဲ့ဝင်	၀၉၄၀၁၄၀၆၉၆၈

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၀	၄	၄
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၉	၇	၁၆
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၅	၁၂	၂၇
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၄	၂၂	၃၆
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၀၉	၁၂၅	၂၃၄
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၈	၈	၁၆
စုစုပေါင်း		၁၅၅	၁၇၈	၃၃၃
စုစုပေါင်း အိမ်ထောင်စု				၇၈

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။။။လေ့လာတွေ့ရှိချက် - စခန်းကြီးကျေးရွာတွင် အိမ်ထောင်စု(၇၈)စုရှိပြီး စုစုပေါင်းလူဦးရေ ၃၃၃ဦးရှိသည်။ မွေးဖွားနှုန်းမှာ ၁.၂%ဖြစ်သည်။ မြန်မာနိုင်ငံ၏လူဦးရေတစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅%အောက်ရှိသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	လယ်ယာစိုက်ပျိုးရေး				
	ကိုယ်ပိုင် လုပ်ငန်း	၇၈	၁၅၈	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၂	တိရစ္ဆာန် မွေးမြူရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၄	သစ်တောလုပ်ငန်း				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၁၅	မြင့် လတ် နိမ့်
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၈၀	မြင့် လတ် နိမ့်
၆	ထုတ်ကုန်လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်-ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၃	မြင့် လတ် နိမ့်
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၇	ပညာရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၈	ကျန်းမာရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၉	လူမှုရေး လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၂၀	အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သ	၀	၀	၀	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
	မား				
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာရှိ အိမ်ထောင်စုအားလုံးသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပြီး ဈေးအရောင်းအဝယ်ပူးတွဲလုပ်ကိုင်သူ ၃ဦးရှိသည်။ အလုပ်လုပ်နိုင်သည့်အရွယ် ၈၀ဦးခန့်သည် ခန္ဓဆေးပြီး ကျောက်ထုတ်လုပ်ငန်းကို လုပ်ကိုင်ကြပြီး အချို့မှာ ဝါးခုတ်၊ မျဉ်ချိုးလုပ်ငန်းလုပ်ကိုင်ကြသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၆၀၀၀	၈၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၈၀၀၀	၅၀၀၀	၇၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ × ၈**)

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - စခန်းကြီးကျေးရွာ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားခ မှာ ကျားအများဆုံး ၁၀၀၀၀ ကျပ်နှင့် မအများဆုံးမှာ ၈၀၀၀ကျပ်ဖြစ်သည်။ လက်သမားပန်းရံကဲ့သို့လုပ်ငန်းများတွင် ကျားအများဆုံး လုပ်ခ ၈၀၀၀မှ ၅၀၀၀ကျပ်အထိရှိပြီး အမျိုးသမီးအနေဖြင့် ၇၀၀၀ မှ ၄၀၀၀ကျပ်အထိရှိသည်။ ၁ နာရီလုပ်အားခနှုန်းမှာ ကျား ၁၂၅၀ကျပ်နှင့် မ ၇၅၀ကျပ်အထိဖြစ်သည်။

(ဂ) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)
လယ်မြေ	၀.၀၀	ကောင်း သင့် ညံ့
ယာမြေ / တောင်ယာမြေ	၀.၀၀	ကောင်း သင့် ညံ့
ဥယျာဉ်ခြံမြေ	၃၁၀.၇၃	ကောင်း သင့် ညံ့
ကိုင်း/ ကျွန်းမြေ	၀.၀၀	ကောင်း သင့် ညံ့
ဓနိတောမြေ	၀.၀၀	ကောင်း သင့် ညံ့
စားကျက်မြေ	၀.၀၀	ကောင်း သင့် ညံ့
မြေလွတ်မြေလပ်	၀.၀၀	ကောင်း သင့် ညံ့
စုစုပေါင်း	၃၁၀.၇၃	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာ မြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။။။လေ့လာတွေ့ရှိချက် - စခန်းကြီးကျေးရွာတွင် ဥယျာဉ်ခြံမြေသာရှိပြီး မြေဆီလွှာ အရည်အသွေးအသင့်အတင့်ရှိသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များသည်	သင့်သလို မရှိနိုင်ပါ
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များသည်	သင့်သလို မရှိနိုင်ပါ
သဘာဝအပင်မျိုးစိတ်များ(နွားစာ၊ဆေးဘက်ဝင်အပင်များ)	များသည်	သင့်သလို မရှိနိုင်ပါ
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များသည်	သင့်သလို မရှိနိုင်ပါ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာအနီးတွင်ကျောက်မြတ်ရတနာများဖြစ်သော ပတ္တမြား၊ နီလာ၊ ထပ်တရာ၊ စလင်းများထွက်ရှိပြီး ဒေသခံများအနေဖြင့် လွတ်လပ်လွယ်ကူစွာရှာဖွေတူးဖော်နိုင်ခြင်းမရှိပါ။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
				ရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၅	၃၄	၃၁	၈

ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - စခန်းကြီးကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုမှာ ၆.၄ ၁%၊ အလယ်အလတ်မှာ ၄၃.၆%၊ မပြေလည်သောအိမ်ထောင်စုမှာ ၃၉.၇၄% နှင့် အလွန်မပြေလည်သောအိမ် ထောင်စုမှာ စုစုပေါင်းအိမ်ထောင်စု၏ ၁၀.၂၆% ရှိပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာ ဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်ဖိလကြားဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
ဖိလမှာ၂လအထိဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကောက်ယူထားခြင်းမရှိပါ။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			၀
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			၀
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။။။လေ့လာတွေ့ရှိချက် - စခန်းကြီးကျေးရွာတွင် မိသားစုစောက်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုနှင့် မသန်စွမ်းသည့်ပုဂ္ဂိုလ်မရှိပါ။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်မဲ လတ် နိမ့်မရှိ
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေဖိုက်ပျိုးရေ)	မြင့်မဲ လတ် နိမ့်မရှိ
၃	ရေကြီးခြင်း	မြင့်မဲ လတ် နိမ့်မရှိ
၄	မိုးခေါင်ခြင်း	မြင့်မဲ လတ် နိမ့်မရှိ
၅	အအေးလွန်ကဲခြင်း	မြင့်မဲ လတ် နိမ့်မရှိ
၆	မုန်တိုင်း	မြင့်မဲ လတ် နိမ့်မရှိ
၇	ငလျင်	မြင့်မဲ လတ် နိမ့်မရှိ
၈	မီးဘေး	မြင့်မဲ လတ် နိမ့်မရှိ
၉	ဆားငန်ရေဝင်မြေ	မြင့်မဲ လတ် နိမ့်မရှိ
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့်မဲ လတ် နိမ့်မရှိ
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်မဲ လတ် နိမ့်မရှိ
၁၂	၄က်ဖျားရောဂါ	မြင့်မဲ လတ် နိမ့်မရှိ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)		
၁၃	တီဘီရောဂါ	မြင့်မဲ့	လတ်မရှိ	နိမ့်
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့်မဲ့	လတ်မရှိ	နိမ့်
၁၅	ပြည်တွင်းပဋိပက္ခ	မြင့်မဲ့	လတ်မရှိ	နိမ့်
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့်မဲ့	လတ်မရှိ	နိမ့်
၁၇	လူကုန်ကူးခြင်း	မြင့်မဲ့	လတ်မရှိ	နိမ့်
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့်မဲ့	လတ်မရှိ	နိမ့်

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - စခန်းကြီးကျေးရွာတွင် ထိခိုက်လွယ်မှုအနေဖြင့် သဘာဝရင်းမြစ်၊မြေပြိုခြင်း၊နှင့် သစ်တောပြုန်းတီးခြင်း များတွင် အနည်းငယ်တွေ့ရှိရသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့် လတ် နိမ့် မရှိ
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့် လတ် နိမ့် မရှိ
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့် လတ် နိမ့် မရှိ
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့် လတ် နိမ့် မရှိ
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့် လတ် နိမ့် မရှိ
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ	မြင့် လတ် နိမ့် မရှိ
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့် လတ် နိမ့် မရှိ
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့် လတ် နိမ့် မရှိ
၉	ငါးကန်ပိုင်ရှင်များ	မြင့် လတ် နိမ့် မရှိ
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့် လတ် နိမ့် မရှိ
၁၁	လူနည်းစုလူမျိုးများ	မြင့် လတ် နိမ့် မရှိ
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့် လတ် နိမ့် မရှိ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)		
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့်မဲ့	လတ်မရှိ	နိမ့်
၁၄	ရွှေတွင်းလုပ်သားများ	မြင့်မဲ့	လတ်မရှိ	နိမ့်
၁၅	ဆေးစွဲသူများ	မြင့်မဲ့	လတ်မရှိ	နိမ့်
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့်မဲ့	လတ်မရှိ	နိမ့်
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မြင့်မဲ့	လတ်မရှိ	နိမ့်
၁၈	နေရပ်ပြန်အခြေချသူများ	မြင့်မဲ့	လတ်မရှိ	နိမ့်
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့်မဲ့	လတ်မရှိ	နိမ့်
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့်မဲ့	လတ်မရှိ	နိမ့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - စခန်းကြီးကျေးရွာတွင် ထိခိုက်သက်ရောက်မှု ခံရသူများအနေဖြင့် လူငယ်များ၊ လက်လုပ်လက်စားများ၊ ဆင်းရဲသားတောင်သူ ကျပန်းများ နှင့် ကျောက်တွင်းလုပ်ကိုင်သူများဖြစ်သည်။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဘာသာရေးအဖွဲ့	၁ ၂ ၃	၂၀	၃၀	၅၀	ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေးနာရေး၊လူမှုဖွံ့ဖြိုး/ရေး လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်းသင့်ညံ့
၂	လူမှုရေးအဖွဲ့	၁ ၂ ၃	၁၀	၅	၁၅	ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေးနာရေး၊လူမှုဖွံ့ဖြိုး/ရေး လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်းသင့်ညံ့

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၃	လူငယ်အဖွဲ့	၁ ၂ ၃	၃၀	၀	၃၀	ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်းသင့်သည့်
၄	အပျိုအဖွဲ့	၁ ၂ ၃	၀	၂၇	၂၇	ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်းသင့်သည့်
၅	ကျောင်းကော်မတီ	၁ ၂ ၃	၃	၂	၅	ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်းသင့်သည့်

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၆	မီးကော်မတီ	၁ ၂ ၃	၇	၀	၇	ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေးနာရေး၊လူမှုဖွံ့ဖြိုး/ရေး လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်းသင့်သည့်
၇	ရေကော်မတီ	၁ ၂ ၃	၅	၀	၅	ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေးနာရေး၊လူမှုဖွံ့ဖြိုး/ရေး လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်းသင့်သည့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - စခန်းကြီးကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်းစဖွဲ့ရှိပြီး ဘာသာရေးအဖွဲ့ တစ်ဖွဲ့ရှိသည်။

(က-၂)ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁ ၂ ၃ ၄ ၅ ၆ ၇	ပညာရေး ဌေးကြေး ကျန်းမာရေး ဘာသာ ရေး စိုက်ပျိုးမွေးမြူ ရေး သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး
၂		၁ ၂ ၃ ၄ ၅ ၆ ၇	ပညာရေး ဌေးကြေး ကျန်းမာရေး ဘာသာ ရေး စိုက်ပျိုးမွေးမြူ ရေး သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး
၃		၁ ၂ ၃ ၄ ၅ ၆ ၇	ပညာရေး ဌေးကြေး ကျန်းမာရေး ဘာသာ ရေး စိုက်ပျိုးမွေးမြူ ရေး သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး
၄		၁ ၂ ၃ ၄ ၅ ၆ ၇	ပညာရေး ဌေးကြေး ကျန်းမာရေး ဘာသာ ရေး စိုက်ပျိုးမွေးမြူ ရေး သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး
၅		၁ ၂ ၃ ၄ ၅ ၆ ၇	ပညာရေး ဌေးကြေး ကျန်းမာရေး ဘာသာ ရေး စိုက်ပျိုးမွေးမြူ ရေး သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာ တစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၆		၁ ၂ ၃ ၄ ၅ ၆ ၇	ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - စခန်းကြီးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာမှလွဲပြီး ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုမရှိသေးပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၀	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၂၅	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၂၈	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၂၃	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၂	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၇၈	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - စခန်းကြီးကျေးရွာတွင် အိမ်ထောင်စုတိုင်း မြေယာပိုင်ဆိုင်ကြပြီး အများစုမှာ ၂.၅ဧကအောက်နှင့် ၂.၅ဧကမှ ၅ဧက အကြားပိုင်ဆိုင်ကြသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ရာသီအလိုက် မဖြေဆိုပါ	ရှိ မရှိ မဖြေဆိုပါ
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ရာသီအလိုက် မဖြေဆိုပါ	ရှိ မရှိ မဖြေဆိုပါ
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး ရာသီအလိုက် မဖြေဆိုပါ	ရှိ မရှိ မဖြေဆိုပါ
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး ရာသီအလိုက် မဖြေဆိုပါ	ရှိ မရှိ မဖြေဆိုပါ
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ရာသီအလိုက် မဖြေဆိုပါ	ရှိ မရှိ မဖြေဆိုပါ
၆	လက်ဝင်ရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ရာသီအလိုက် မဖြေဆိုပါ	ရှိ မရှိ မဖြေဆိုပါ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၇	စိမ့်စမ်းရေ	၃၁၀.၇၀	တစ်နှစ်ပတ်လုံး ရာသီအလိုက် မဖြေဆိုပါ	ရှိ မရှိ မဖြေဆိုပါ
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ရာသီအလိုက် မဖြေဆိုပါ	ရှိ မရှိ မဖြေဆိုပါ

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - စခန်းကြီးကျေးရွာတွင် ဥယျာဉ်ခြံလုပ်ငန်းများအတွက် စိမ့်စမ်းရေကိုသာအသုံးပြုကြသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
ပင်မှည့်	၅၀	ကျပ်သိန်း	၁၀	၁၂	၁၁	ဇွန်	ဇူလိုင်	မြင့်လတ်နိမ့်	မြင့်တက်မှ လနိမ့်
ထောပတ်	၂၀	ကျပ်သိန်း	၁၀	၁၅	၁၂.၅	ဩဂုတ်	စက်တင်ဘာ	မြင့်လတ်နိမ့်	မြင့်တက်မှ လနိမ့်
လိုင်ချိုးသီး	၂၀	ကျပ်သိန်း	၁၀	၁၅	၁၂.၅	ဩဂုတ်	စက်တင်ဘာ	မြင့်လတ်နိမ့်	မြင့်တက် လနိမ့်
								မြင့်လတ်နိမ့်	မြင့်တက်မှ လနိမ့်
								မြင့်လတ်နိမ့်	မြင့်တက် လနိမ့်
								မြင့်လတ်နိမ့်	မြင့်တက်မှ လနိမ့်

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - စခန်းကြီးကျေးရွာတွင် ပင်မှည့်၊ထောပတ်နှင့် လိုင်ချီးပင်များကို အဓိကထားစိုက်ပျိုးကြပြီး အထွက်နှုန်းများအနေဖြင့် တစ်ဧကမှာ တစ်နှစ်ရရှိသော ခန့်မှန်းငွေကြေးကိုသာ တွက်ချက်နိုင်ခဲ့သည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဧယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၀	၀	၀	၀
လက်တွန်းထွန်စက်	၀	၀	၀	၀
အစေ့ချကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၀
ရိတ်သိမ်းစက်	၀	၀	၀	၀
ခြွေလှေ့စက်	၀	၀	၀	၀
ရေစုပ်စက်	၀	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၄၈	၀	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - စခန်းကြီးကျေးရွာတွင် ခြံရှင်းရန်အတွက် မြက်ရိတ်စက်သာ အသုံးပြုနိုင်ကြသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း ကောင်း သင့်တင့်မျှတ မဖြေဆိုပါ
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း ကောင်း သင့်တင့်မျှတ မဖြေဆိုပါ
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ အသင့်အတင့်ရှိ မဖြေဆိုပါ
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ရသည် မဖြေဆိုပါ
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည် သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည် မဖြေဆိုပါ
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ဝယ်ယူရနိုင်သည် မဖြေဆိုပါ
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ဝယ်ယူရနိုင်သည် မဖြေဆိုပါ
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည် ရနိုင်သည် မဖြေဆိုပါ
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည် ရနိုင်သည် မဖြေဆိုပါ
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည် သီးနှံများကိုရောင်းချနိုင်သည် မဖြေဆိုပါ

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

